
## ရေကညွတ်

Scientific name - *Ludwigia adscendens* (L.) Hara

Common name - Water Primrose

Family - Onagraceae






အပင်ပုံသဏ္ဍာန်

တစ်နှစ်ခံပင်ပျော့မျိုးဖြစ်၍ အမွေးနုများ ထူထပ်စွာပါရှိသည်။ ပင်စည်သည် ပြန့်ကားလျက် အဖျားပိုင်းသာ ထောင်မတ်နေသည် သို့မဟုတ် ရေတွင်ပေါလောပေါ်နေသည်။ အဖြူရောင်လွှန်း သဏ္ဍာန်ရှိသည့် လေရှူမြစ်သည် ပင်စည်အဆစ်များနှင့် မြစ်မွေးများမှ အစုလိုက်ထွက်သည်။ အရွက် သည် ထီးတည်းဖြစ်ပြီး ရွက်လွှဲထွက်၍ ဘဲဥပုံရှိပြီး ရွက်ညှာပါသည်။ ပန်းပွင့်မှာ ထီးတည်းဖြစ်ပြီး ပွင့်ချပ်သည် ၅ခု သို့မဟုတ် တစ်ခါတစ်ရံ ၆ခုပါပြီး နို့နှစ်ရောင်ရှိပြီး အရင်းပိုင်း၌ ဝါသည်။ အက်ကွဲသီး မျိုးဖြစ်ပြီး အသီးညှာသည် ရှည်သည်။ အစေ့မှာ အညိုဖျော့ရောင်ရှိ၍ ရှည်သည်။ အစေ့များစွာပါရှိ၍ ချောမွေ့ပြီး လေးထောင့်ပုံ၊ ကွန်ချာပုံ၊ ဖော့သားဆန်သော အဖြူရောင်အစေ့ခွံပါရှိသည်။ အစေ့အား ဖြင့်လည်းကောင်း၊ အပင်ပိုင်းပြတ်အားဖြင့်လည်းကောင်း မျိုးပွားနိုင်သည်။